အသရေဖျက်ခြင်း။ ကုမ္ပဏီအပေါ်အကြိမ်များစွာ ၄င်းအလုပ်
သမား(၃၄) ဦး မှဦး ဆောင် ဆန္ဒပြ၍ကုမ္ပဏီတွင်ထိခိုက် နစ်
နာမှုများဖြစ်ပေါ်စေခြင်းစသည်ဖြင့် ထွက်ဆိုထားသည် ကို
တွေ့ရှိရာပြင်ပမီဒီယာများသို့ပြောကြားခဲ့မှုများကြောင့် စက်
ရုံ ၏ဆုံးရှုံးမှုနှင့်စက်ရုံတွင်နစ်နာကြောင်းနှင့် နစ်နာ သည့်
ငွေကြေးပမာဏတို့ကိုဖော်ပြထားချက်များ တွေ့ရှိရ သည်
ဤအချက်နှင့်ပတ်သက်၍ခုံအဖွဲ့ကအမြော်အမြင်နှင့်ဆင်ချင်
တုန်တရားလက်ကိုင်ထား၍(expectiously) စဉ်း စားသုံး
သပ်ရပါမူ မလွှဲ မသွေပင်အလုပ်ရှင်၌ ဆုံးရှုံးမှုကြီး ဖြစ်ပေါ်
သည်အမှန်ဖြစ်သည်ဟု ပင်ဖြစ်သည်။ဤအချက် အပေါ်အ
လုပ်ရှင်ကဂျာနယ်တွင်စက် ရုံတာဝန်ခံမှ လက်သီး နှင့်ထို
ရန်ရွယ်ပါသည်ဟုပြောကြား၍အသရေဖျက်မှုအရကျပ် သိန်
(၅၀၀)ပေးဆောင်ရန် လည်းကောင်း၊ ဆန္ဒမကြာ ခဏပြ
လည်းကောင်း၊ US$88000 ဆုံးရှုံးမှုများ စက်ရုံသို့ပေ
ဆောင်မှသာအလုပ်ပြန်လည်ခန့်နိုင်မည်ဟုခုံသမာဓိအဖွဲ့ ၏
တင်ပြချက်၌တွေ့ရသည်။အသရေဖျက်မှုနှင့်ဆိုင်သောစက်ရုံ
ဆိုင်ရာကိစ္စရပ် နှင့်စပ်လျဉ်း၍ခွင့်ပြုချက်မဲ့ ပြင်ပဂျာနယ် သို့
ပြောကြားသည်ဆိုခြင်းသည်ဝရားဝင်စာချုပ်ချုပ်ဆိုရန်ပျက်
ကွက်ခြင်း ကြောင့်ဥပဒေအရ အရေးယူရန်အလုပ်ရှင်ဖက်
တွင် အလေး မသာဘဲ၊အသရေဖျက်မှုအရကျပ် သိန်း (၅၀၀)
ပေး ဆောင် ရန် ကိစ္စကိုအသရေဖျက် ပုဒ်မ ဖြင့်သက်ဆိုင်ရာ
တရားရုံး တွင် အလုပ်ရှင်က တရားစွဲဆို ဆောင်ရွက်လို
ကဆောင်ရွက်နိုင်ကြောင်းသုံးသပ်ရရှိသည်။

(၂) ဤအချက်အပေါ် ခုံအဖွဲ့က အလေးအနက်ထား၍ သုံးသပ်
ရာတွင်အကယ်၍သာ အလုပ်ရှင်သည်အလုပ်သမား၊ အလုပ်
အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ (၃၁.၈.၂၀၁၅)ရက်
စွဲပါအမိန့်ကြော်ငြာချက်အမှတ်(၁/၂၀၁၅) အလုပ်ခန့် ထား
မှုဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုကြရန် အသိပေး ကြေငြာ
သည့်အမိန့်စာအား စောစီးစွာအကောင်အထည် ဖော် ခဲ့ပါက
စာချုပ်နှင့်အတူပူးတွဲပါရှိသော စည်းကမ်းချက်များ တွင်ဖြင်
ပ သို့ အလုပ်ရှင်၏ စက်ရုံဆိုင်ရာသာမန်သတင်း၊ လို့ဝှက်

သတင်းအချက်အလက် များပေါက်ကြားပါကအရေး ယူနိုင်
သည့်အချက်များပါရှိရာ အလုပ်ရှင်၏တင်ပြချက်က ယင်း
အချက်ကိုအထောက် အကူမဖြစ်ဘဲ အလုပ်စတင်ဝင် ရောက်
စဉ်ကE.C စာချုပ်ပါ စက်ရုံ စည်းကမ်းချက်များ ကို အလုပ်
သမားများအားသေချာစွာ ဖတ်ရှုစေပြီး လက်မှတ်ရေးထိုး
ဆောင်ရွက်ရန် အလုပ်ရှင်မှပျက်ကွက်ခဲ့၍အရေးယူရန် အား
နည်းခဲ့သည်ဟု ခုံအဖွဲ့မှသုံးသပ်တွေ့ရှိသည်။ သို့ဖြစ်၍
သမာဓိကောင်စီသို့ တောင်းဆိုလွှာ တင်သွင်းလာ သည်
အလုပ်ရှင်၏စာပါဖော်ပြချက်ဖြစ်သောECစာချုပ်ကို အလု
သ မားများအာသေချာစွာဖတ်ရှု စေပြီးကိုယ်ရေး ရာ ဇဝ
တွင် လက်မှတ် ရေးထိုးထား သည် ဆိုသော အချက်ကို ခို
လုံစွာသက်သေပြမည့် နှစ်ဖက်လက်မှတ်ရေးထိုး ထား သေ
"အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်" ချုပ်ဆိုထ
မှုမတွေ့ရှိရခြင်းကြောင့် အလုပ်ရှင်၏ ပျက်ကွက်မှုအဖြ
ခုံအဖွဲ့ကစာချုပ်အခြေပြုသုံးသပ်ရရှိသည်။

**သုံးသပ်ချက်အမှတ်(၁)(င)** ခုံအဖွဲ့ကအလုပ်ရှင်၏(၁၅-၁၂-၂၀၁၅)ရက်နေ့ခုံသမာဓိ ကောင်
သို့ တောင်းဆိုတင်ပြလွှာတွင်မဝင်းရီ(ပါ ) အ လုပ်သမား(၃၃)ဦး
အားအလုပ်မှရပ်စဲထုတ်ပါယ်မှုကိုမှန်ကန်ကြောင်း တင်ပြချက်(၁)
သဘောထားပေးထားသော်ငြားတင်ပြချက်(၂)တွင်ခွင့်မဲ့(၃)ရက်
ထက်ကျော်လွန်ပျက်ကွက်၍ECစာချုပ်အရပေါ်လွင်သည်ဟုတရာ
ဝင်ထင်ရှားစွာလက်မှတ်ရေးထိုးပြီးချုပ်ဆိုမထားသောECစာ ချု
ကိုကိုးကားထားပြန်ရာဥပဒေအရအကျုံးမဝင်၍အလုပ်ရှင်တင်ပြ
ချက်ကိုခုံအဖွဲ့က ဥပဒေအခွင့်အရေးသည် အလုပ်ရှင်ဘက်၌မရှိ
ကြောင်း သုံးသပ်တွေ့ရှိရသည်။

**သုံးသပ်ချက်အမှတ်(၁)(င)** အလုပ်သမားမနုနုယဉ်နှင့်ပတ်သက်၍ခုံအဖွဲ့ကသုံးသပ်ရာ-
(၁)အလုပ်ရှင်၏ (၁၅-၁၂-၂၀၁၅)ရက်နေ့ ခုံသမာဓိကောင်စီသို့
တောင်းဆိုတင်ပြလွှာတွင်မဝင်းရီ(ပါ )အလုပ်သမား(၃၃)ဦး အဖြင်
မနုနုယဉ်အားလည်း အလုပ်ပြန်မခန့်လိုကြောင်း၊ အကြောင်းမှာ
မဝင်းရီ(ပါ ) အလုပ်သမား(၃၃)ဦးနှင့်အတူအလုပ်သမား မနုနုယဉ်
တို့အားအလုပ်ပြန်ခန့်ပါကမဖြေရှင်းနိုင်သောပြဿနာများထပ်မံ
စ်ပေါ်လာနိုင်ပါကြောင်း တင်ပြထား၍ အလုပ်သမားမနုနုယဉ်

နှင့်ပတ်သက်ပြီးခုံအဖွဲ့ကအမှုကြောင်းချင်းရာကိုလေ့လာရာအောက်ပါ အချက်များတွေ့ရှိရသည် -

- ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် အမှုအမှတ်(၂၉/၂၀၁၅)၊ရက်စွဲ(၉.၁၀.၂၀၁၅)ဖြင့် နှစ် ဖက် သဘောတူညီချက်များလက်မှတ်ရေးထိုးစဉ်ကအ မှတ်စဉ် (၄)တွင်အလုပ်သမားမနုနုယဉ်ပါဝင်လက်မှတ်ရေးထိုးထားခြင်း။
- ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် အမှုအမှတ်(၃၅/၂၀၁၅)၊ရက်စွဲ(၂၆.၁၀.၂၀၁၅)ဖြင့် နှစ် ဖက် သဘောတူညီချက်များလက်မှတ်ရေးထိုးစဉ်က အမှတ်စဉ် (၄)တွင်အလုပ်သမားမနုနုယဉ်ပါဝင်လက်မှတ်ရေးထိုးထားခြင်း။
- (၆.၁၁.၂၀၁၅)ရက်စွဲဖြင့် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖြန်ဖြေ ရေးအဖွဲ့သို့မဝင်းရီ(ပါ )အလုပ်သ မား(၃၄)ဦးအားအလုပ်မှ ထုတ်ပစ်ကြောင်းတိုင်ကြားစာတင်စဉ်ကအမှတ်စဉ်(၃) တွင် ပါဝင်လက်မှတ်ရေးထိုးတိုင်ကြားထားခြင်း။
- (၁၃.၁၁.၂၀၁၅)ရက်နေ့ကမြို့နယ်အထွေထွေ အုပ်ချုပ် ရေး ဦးစီးဌာန ၊အစည်းအဝေးခန်းမတွင်ပြုလုပ် သည့်ရွှေပြည် သာမြို့နယ်ညှိ နှိုင်းဖြန်ဖြေရေးအဖွဲ့၏ အငြင်း ပွားမှု အမှတ် (၄၁/၂၀၁၅)သို့အလုပ်သမားမနုနုယဉ်တက်ရောက်သူစာရင်း ၌အမှတ်စဉ် (၄)တွင်ပါဝင် လက်မှတ်ရေးထိုးထားခြင်း။ မဝင်းရီ၏ထွက်ဆိုချက်အောက်တွင်မှန်ကန်စွာထွက်ဆိုပါ မည်ဟုစဉ်(၄)တွင်ပါဝင် လက်မှတ် ရေးထိုးထားခြင်း။
- (၂၀.၁၁.၂၀၁၅)ရက်နေ့စွဲဖြင့်ခုံသမာဓိအဖွဲ့သို့ တိုင်ကြားစာ တွင်အလုပ်သမားမနုနုယဉ်ကအလုပ်သမား (၃၄)ဦးကိုယ်စား လက်မှတ်ရေးထိုးသူစာရင်း၌အမှတ်စဉ် (၃)တွင်ပါဝင် လက်မှတ်ရေးထိုးထားခြင်း။
- (၁.၁၂.၂၀၁၅) ရက်စွဲဖြင့် ခုံသမာဓိအဖွဲ့၏ အမှု အမှတ် (၁၁၉/၂၀၁၅)စစ်ဆေးရန်တက်ရောက်စာရင်းတွင်အလုပ်သ မားမနုနုယဉ်ကအမှတ်စဉ်(၅)တွင်တက်ရောက်သူစာရင်း၌

လက်မှတ်ရေးထိုးထားခြင်း။ထွက်ဆိုချက်၌လက်မှတ် ရေးထိုးထားခြင်းတို့လေ့လာတွေ့ရှိရသည်။

(၂) သို့ဖြစ်၍အလုပ်ရှင်၏(၁၅-၁၂-၂၀၁၅)ရက်နေ့ ခုံသမာဓိကောင်စီသို့ တောင်းဆို တင်ပြချက်ဖြစ်သောမဝင်းရီ(ပါ ) အလုပ်သမား(၃၃)ဦး အပြင် မနုနုယဉ်အားလည်း အလုပ်ပြန်မခန့်လိုကြောင်း အကြောင်းမှာမဝင်းရီ(ပါ )အလုပ်သမား(၃၃)ဦးနှင့်အတူအလုပ်သမားမနုနုယဉ်တို့အားအလုပ်ပြန်ခန့်ပါက မမျှော် မှန်းနိုင် သောပြဿနာများထပ်မံဖြစ်ပေါ်လာနိုင်ပါ ကြောင်း ဆိုသောတင်ပြထား ချက်အပေါ်ခုံအဖွဲ့ကဆင်ခြင်တုန်တရားလက်ကိုင်ထား၍လည်း ကောင်း လူမှုရေးရှုထောင့်မှစဉ်းစား၍လည်းကောင်း၊အလုပ်သမားမနုနုယဉ်နှင့်ပတ်သက်ပြီးခုံအဖွဲ့ကအမှုကြောင်းချင်းရာဖြစ်စဉ်များတွင်တစ်စိုက်မတ်မတ်နီးပါးပါဝင်မှုများကိုလေ့လာသုံးသပ်၍လည်းကောင်း၊ အလုပ်သမားမနုနုယဉ်ကမည်သည့်ဖက်တွင်မျှမပါဆိုသောအချက်သည်ဖြစ်နိုင်ဖွယ်ရာမရှိ၍အလုပ်သမားမနုနုယဉ်အားလည်းအလုပ်ပြန်မခန့်သင့်ကြောင်းသုံးသပ်ရရှိ သည်။

ဆုံးဖြတ်ချက်အမှတ်(၁) ခုံသမာဓိအဖွဲ့ကဆုံးဖြတ်သောWorld Jin အထည်ချုပ် စက်ရုံ အလုပ်သမားမနုနုယဉ်အား မူလ ရာထူးတွင် အနည်းဆုံးအခကြေးငွေ အမိန့်နှင့်အညီမူလ လစာ ထက် မလျော့နည်းစေဘဲ အလုပ်ပြန်လည်ခန့်ထားရန်နှင့်အလုပ်ထုတ်သည့်နေ့မှစ၍အလုပ်ပြန်ခန့်သည့်နေ့အထိကြားကာလနစ်နာကြေးအားရက်ပြည့်လုပ်သည့်နောက်ဆုံးထုတ်လစာကို(OTမပါ )နောက်ဆုံးထုတ်လစာဖြင့်ပေးရန်ဟူ သော ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ခုံအဖွဲ့က ၂၀၁၂ခုနှစ် အလုပ်သမား ရေးရာ ငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေအား ကိုးကားပြင်ဆင်ရပါလျှင် ဥပဒေ အခန်း(၅) အငြင်းပွားမှု ဖြေရှင်းရေးခေါင်းစဉ်အောက်နည်းဥပဒေ၊ ပုဒ်မ၂၃(င) အငြင်းပွားမှုကို ကြားနာစစ်ဆေးသည့်အခါတွင်ဖြစ်စေ၊ ကြားနာစစ်ဆေးမှုမပြုဘဲ အငြင်းပွားမှုကိုဆုံးဖြတ်သည့် အခါတွင်ဖြစ်စေ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်းသို့မဟုတ် ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်”ဟု ပြဋ္ဌာန်းထားချက်အရ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အစား အလုပ်သမား မနုနုယဉ်သည် ရွှေပြည်သာ မြို့နယ် ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ရှေ့မှောက် အမှုအမှတ်(၃၅/၂၀၁၅)တွင် (၂...

၁၀.၂၀၁၅)ရက်နေ့က နှစ်ဖက်သဘောတူညီချက်များ လက်မှတ်
ရေးထိုးမှု အမှတ်စဉ်(၄)တွင် လည်းကောင်း၊ (၆.၁၁.၂၀၁၅) ရက်
နေ့ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့၌မဝင်းရီ(ပါ ) အလုပ်
သမား(၃၄)ဦးအားအလုပ်မှထုတ်ပစ်၍ တိုင် ကြားစာတင်စဉ် က
အမှတ်စဉ်(၃)တွင် လည်းကောင်း၊ မြို့နယ်အ ထွေထွေ အုပ်ချုပ်
ရေးဦးစီးဌာန၊အစည်းအဝေးခန်းမရွှေပြည်သာ မြို့နယ်ညှိနှိုင်းဖြန်
ဖြေရေးအဖွဲ့၏ အငြင်းပွားမှုအမှတ် (၄၁/၂၀၁၅) (၁၃.၁၁.၂၀၁၅)
ရက်နေ့ တက်ရောက်သူ စာရင်း အမှတ်စဉ်(၄)၌ လည်းကောင်း
မဝင်းရီ၏ထွက်ဆိုချက်အောက်တွင်မှန်ကန်စွာထွက်ဆိုပါမည်ဟုစဉ်
(၄)တွင်လည်းကောင်း၊(၂၀.၁၁.၂၀၁၅)ရက်စွဲပါခုံသမာဓိအဖွဲ့သို့တိုင်
ကြားစာတွင်အလုပ်သမားမနုနုယဉ်ကအလုပ် သမား(၃၄)ဦး ကိုယ်
စားလက်မှတ်ရေးထိုးသူစာရင်း၌အမှတ်စဉ် (၃) တွင်လည်း ကောင်း၊
(၁.၁၂.၂၀၁၅)နေ့စွဲဖြင့်ခုံသမာဓိအဖွဲ့အမှုအမှတ်(၁၁၉/၂၀၁၅) စစ်
ဆေး ရန်စာရင်းတွင်အလုပ်သမားမနုနုယဉ်က အမှတ်စဉ်(၅)တွင်
တက်ရောက်၍လည်းကောင်း၊ အသီးသီးပါဝင်လက်မှတ်ရေးထိုး
ထားမှုများအရ အမှုစ/လည်/ဆုံးအလုပ်သမားလှုပ်ရှား ဆောင်ရွက်
မှု တိုင်းတွင်ပါဝင်ပတ်သက်မှုများရှိနေသည်ဟုသုံးသပ်ရရှိ၍ အလုပ်
ပြန်ခန့်ထားပါက မလိုလားဖွယ်ရာများဖြစ်လာနိုင်ကြောင်း ခုံအဖွဲ့
ကသုံးသပ်ရရှိ၍ကျန်မဝင်းရီနှင့်အလုပ်သမားမနုနုယဉ်(ပါ )အလုပ်
သမား(၃၄)ဦးအားအလုပ်သမား၊ အလုပ်အကိုင် နှင့်လူမှုဖူလုံရေး
ဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅) အရ လုပ်သက်
အလိုက်အလုပ်ရပ်စဲမှု နစ်နာကြေးအား နောက်ဆုံးထုတ်လစာကို
(OTမပါ )ဖြင့်ပေးရန်နှင့် နို့တစ်ကြေးအားရက် ပြည့်လုပ်သည့်
နောက်ဆုံးထုတ်လစာကို (OTမပါ ) ဖြင့်ပေးရန်နှင့် အလုပ်သမား
မဝင်းရီအလုပ်သမားမနုနုယဉ်(ပါ )(၃၄)ဦး၏ (၁. ၁၁.၂၀၁၅)မှ
(၄.၁၁.၂၀၁၅) ရက်နေ့ထိလုပ်ခကျန်ငွေကို တွက်ချက်ပေးရန်နှင့်
အလုပ်သမား မနုနုယဉ်နှင့် မဆွေဇင်ဦး သတ်မှတ်ကာလအတွင်း
မှလရရန်ရှိသော လစာကျန်ငွေနှင့်အတူ အလုပ်ထုတ် နစ်နာကြေး
များကိုလည်း တွက်ချက်ခံစားခွင့်ပေးရန်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဒေါ်စန်းစန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |